**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး**

**လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် **"အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့"** ကို အဖွဲ့ဝင်(၁၇)ဦး ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဎ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး
လုပ်ငန်းရှင်များအသင်း
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဏ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း

(တ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

၂။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်အရ အဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပကတိအခြေအနေ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခြင်း၊

(ခ) အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်ခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သုံးသပ်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊

(င) ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ဆန်းစစ်သုံးသပ်၍ မိမိနိုင်ငံရှိ အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ၏ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုးတွင် ပါဝင်မှု၊ပြည်ပသို့တင်ပို့မှုနှင့်ပြည်ပမှတင်သွင်းမှုများအပေါ်သုံးသပ်ခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနှင့် အနိမ့်ဆုံးရရှိသည့် လုပ်ခလစာ၊ လုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ထွက်ကုန်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင် ရရှိမှုများကို စိစစ်သုံးသပ်ခြင်း၊

(ဇ) လုပ်ငန်းသုံးသပ်ချက်များနှင့် သက်ဆိုင်သည့် အစီရင်ခံစာများကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်းနှင့် အများပြည်သူသို့ အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

၃။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို အမျိုးသားစီမံကိန်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၄။ ယခင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ၈.၁၂.၂၀၂၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

စာအမှတ်၊ သငလ(လုပ်ငန်း)/ဖွဲ့စည်း/၂၀၂၅( ၁၄၄ )

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီယာယီသမ္မတရုံး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နိုင်ငံတော်ဝန်ကြီးချုပ်ရုံး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။ |

အမိန့်အရ

ဒေါ်တာချာလီသန်း

ဒုတိယဥက္ကဋ္ဌ

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ